# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မွန်ပြည်နယ်လွှတ်တော်

Mon State Hluttaw

၁။ မွန်ပြည်နယ်ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ

၂။ မွန်ပြည်နယ်ဂုဏ်ထူးဆောင်လက်မှတ်နှင့်ဆုပစ္စည်းများချီးမြှင့်ခြင်း
ဆိုင်ရာဥပဒေ

၃။ မွန်ပြည်နယ်ကျေးရွာထင်းစိုက်ခင်းဥပဒေ

၄။ မွန်ပြည်နယ်ယဉ်ကျေးမှုအမွေအနှစ်များကာကွယ်ထိန်းသိမ်းရေးဥပဒေ

၅။ မွန်ပြည်နယ်ပုဂ္ဂလိကရေယာဉ်များစနစ်တကျပြေးဆွဲရေးဥပဒေ

၆။ မွန်ပြည်နယ်မြေဩဇာစနစ်တကျထုတ်လုပ်သုံးစွဲရေးဥပဒေ

၇။ မွန်ပြည်နယ်ဆားနှင့်ဆားထွက်ပစ္စည်းဥပဒေ

၈။ မွန်ပြည်နယ်ငါးလုပ်ငန်းဥပဒေ

မွန်ပြည်နယ်လွှတ်တော်က ထုတ်ဝေသည်။

၂၀၁၄ ခုနှစ်။

# မွန်ပြည်နယ်ငါးလုပ်ငန်းဥပဒေ

## (၂၀၁၄ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၄ ။)

## ၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်

## (၂၀၁၄ ခုနှစ်၊ ဧပြီလ ၁၁ ရက်)

## နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံးလျက် မွန်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို မွန်ပြည်နယ်ငါးလုပ်ငန်းဥပဒေဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ မွန်ပြည်နယ်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်** ဆိုသည်မှာ မွန်ပြည်နယ်ကိုဆိုသည်၊

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်နယ် ငါးလုပ်ငန်းနှင့်သက်ဆိုင်သည့်လုပ်ငန်းများကို တာဝန်ယူ စီမံခန့်ခွဲသော ဝန်ကြီးဌာနကို ဆိုသည်၊

(ဃ) **ဝန်ကြီး** ဆိုသည်မှာ ပြည်နယ်ငါးလုပ်ငန်းနှင့်သက်ဆိုင်သည့်လုပ်ငန်းများကိုတာဝန်ယူစီမံခန့်ခွဲသော ပြည်နယ်အစိုးရအဖွဲ့ဝင်၊ ဝန်ကြီးကို ဆိုသည်၊

(င) **ဦးစီးဌာန** ဆိုသည်မှာ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာနကို ဆိုသည်၊

(စ) **ဦးစီးဌာနမှူး** ဆိုသည်မှာ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးကို ဆိုသည်၊

(ဆ) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေပုဒ်မ ၄ အရ ဖွဲ့စည်းသည့် ပြည်နယ်ငါးလုပ်ငန်းကော်မတီကို ဆိုသည်၊

(ဇ) **စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၃၂ အရ ဖွဲ့စည်းတာဝန်ပေးအပ်သည့် အဖွဲ့ကို ဆိုသည်၊

(ဈ) **ငါး**ဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင်သော်လည်းကောင်း၊ ဘဝအစိတ်အပိုင်းတွင်သော်လည်းကောင်း၊ ရေထဲတွင် နေထိုင်ကျက်စားသည့် ရေသတ္တဝါအားလုံး၊ ယင်းတို့၏ ဥများ၊ သားလောင်းများ၊ သားပေါက်ကောင်များကို ဆိုသည်။ ယင်းစကားရပ်တွင် ရေတွင်ပေါက်ပွားသည့်အပင်များနှင့် ယင်းတို့၏ အပင်ပေါက်များ၊ မျိုးစေ့များလည်းပါဝင်သည်၊

(ည) **ငါးလုပ်ငန်း**ဆိုသည်မှာ ငါးနှင့်စပ်လျဉ်းသော လုပ်ငန်းများကို စနစ်တကျစီမံခန့်ခွဲရန်၊စီးပွားဖြစ်လုပ်ကိုင်ရန်၊ မျိုးထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးများအား ဖမ်းခြင်း၊ စုဆောင်းခြင်း၊ မွေးမြူခြင်း၊ စူးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ မျိုးစိုက်ထည့်ပေးခြင်း၊ ပြန့်ပွားစေခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း လုပ်ငန်းများလည်း ပါဝင်သည်၊



(ဋ) **ငါးဖမ်းခြင်း** ဆိုသ
စုဆောင်းခြင်း၊ ဆွဲဆော
သေစေခြင်းတို့ကို ဆိုသ
လုပ်ငန်းများအတွက်
ပြင်ဆင်ခြင်းလုပ်ငန်းမျာ

(ဌ) **ငါးဖမ်းကိရိယာ** ဆိုသ
မည်သည့်ပစ္စည်းကိရိယာ
ငါးဖမ်းရာ၌ အထောက်အ
ပါဝင်သည်၊

(ဍ) **ငါးဖမ်းရေယာဉ်** ဆိုသ
မည်သည့်ရေယာဉ်ကိုမ
ငါးလုပ်ငန်းလုပ်ကိုင်သည့်
အထောက်အကူပြုသည့်

(ဎ) **ယာဉ်** ဆိုသည်မှာ စက်
မြေပေါ်တွင်ဖြစ်စေ၊ ရေပေ
နိုင်သည့် မည်သည့်ယာဉ်

(ဏ) **အအေးခန်းစက်ရုံ** ဆိုသ
နေစေရန် အေးခဲမှုစနစ်ဖြ
ထိန်းသိမ်းထားပေးသည့် စ

(တ) **ပြုပြင်မွမ်းမံခြင်း** ဆိုသည်
အသုံးပြု၍ မူလအခြေအ
ဆိုသည်။ ယင်းစကားရပ်တွင်
ထုတ်လုပ်အကောင်အထည်
ပုစွန်ခြောက်၊ ငံပြာရည်၊ င
ငါးကြပ်တိုက် လုပ်ငန်းများလ

(ဃ) **ငါးဖမ်းခြင်း** ဆိုသည်မှာ ငါးများအားဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ ဆွဲဆောင်ခြင်း၊ လိုက်လံခြင်း၊ မူးမေ့စေခြင်း၊ သေစေခြင်းတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်းလုပ်ငန်းများအတွက် အထောက်အကူပြုလုပ်ငန်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများလည်း ပါဝင်သည်၊

(င) **ငါးဖမ်းကိရိယာ** ဆိုသည်မှာ ငါးဖမ်းရာတွင်အသုံးပြုသည့် မည်သည့်ပစ္စည်းကိရိယာကိုမဆို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းရာ၌ အထောက်အကူပြုသော ပစ္စည်းကိရိယာများလည်း ပါဝင်သည်၊

(စ) **ငါးဖမ်းရေယာဉ်** ဆိုသည်မှာ ငါးဖမ်းရာတွင်အသုံးပြုသည့် မည်သည့်ရေယာဉ်ကိုမဆို ဆိုသည်။ ယင်းစကားရပ်တွင် ငါးလုပ်ငန်းလုပ်ကိုင်သည့် ရေယာဉ်များနှင့် ငါးဖမ်းရေယာဉ်ကို အထောက်အကူပြုသည့် ယာဉ်များလည်း ပါဝင်သည်၊

(ဆ) **ယာဉ်** ဆိုသည်မှာ စက်ဖြင့်ဖြစ်စေ၊ စက်မဲ့ဖြင့်ဖြစ်စေ၊ မြေပေါ်တွင်ဖြစ်စေ၊ ရေပေါ်တွင်ဖြစ်စေ၊ ရွေ့လျားသွားလာနိုင်သည့် မည်သည့်ယာဉ်ကိုမဆို ဆိုသည်၊

(ဇ) **အအေးခန်းစက်ရုံ** ဆိုသည်မှာ ငါးများသန့်ရှင်းလတ်ဆတ်နေစေရန် အေးခဲမှုစနစ်ဖြင့် ပြုပြင်၊ အေးခဲ၊ သိုလှောင်၊ ထိန်းသိမ်းထားပေးသည့် စက်ရုံကို ဆိုသည်၊

(ဈ) **ပြုပြင်မွမ်းမံခြင်း** ဆိုသည်မှာ ငါးများအား နည်းအမျိုးမျိုးအသုံးပြု၍ မူလအခြေအနေမှ ပြုပြင်ပြောင်းလဲခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကိုယ်တိုင်စားသုံးရန်မှတစ်ပါး ထုတ်လုပ်အကောင်အထည်ဖော်သည့် ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ငံပြာရည်၊ ငါးချဉ်၊ ပုစွန်ချဉ်၊ ငါးဆားနယ်၊ ငါးကြပ်တိုက် လုပ်ငန်းများလည်း ပါဝင်သည်၊

(ဏ) **ငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ ကမ်းနီးငါးလုပ်ငန်းရေပြင်နှင့် ရေချိုငါးလုပ်ငန်းရေပြင်ကို ဆိုသည်၊

(ဒ) **ကမ်းနီးငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ ပြည်နယ် ကမ်းရိုးတန်း ကမ်းခြေမှ ရေမိုင်(၁၀)မိုင်အတွင်း ငါးလုပ်ငန်း လုပ်ကိုင်နိုင်သော ရေပြင်ကို ဆိုသည်၊

(ဓ) **ရေချိုငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ ပြည်နယ် ပင်လယ် ကမ်းရိုးတန်းတစ်လျှောက်မှ ကုန်းတွင်းနယ်နိမိတ် အတွင်းတွင် ရှိသည့် အစဉ်အမြဲ ရေတည်ရှိသည်ဖြစ်စေ၊ ယာယီရေတည်ရှိ သည်ဖြစ်စေ၊ ငါးများနေထိုင်ကျက်စား ခိုအောင်းပေါက်ပွား ကြီးပြင်းရာ ရေပြင်၊ ရေကန်၊ ရေရိုး၊ မြစ်၊ ချောင်း၊ အင်းအိုင်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ဂရန်အင်း၊ သီးသန့်အင်း၊ လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်၊ ရေလှောင်ဆည်ကြီးများ၊ ကုန်းတွင်းဒီရေရောက်ရာ ဒေသများ၊ လိပ်များနှင့်မိကျောင်းများ ဥချသည့်အသိုက်များ၊ ကျင်းများ၊ ရေချိုနှင့်ရေငန်စပ်ဒေသများ၊ ပင်လယ်နှင့် [illegible] မြစ်ဝချောင်းဝများ၌ အဝ၏ တစ်ဘက်ကမ်း [illegible] အခြားတစ်ဘက်ကမ်းအစွန်ဆုံးကို ဆွဲထားသည့် မျဉ်းဖြောင့် [illegible] ကုန်းတွင်းပိုင်းရေပြင်လည်း ပါဝင်သည်၊

(န) **အင်း** ဆိုသည်မှာ ဂရန်အင်း၊ သီးသန့်အင်းနှင့် ဘေးမဲ့အင်းတို့ကို ဆိုသည်၊

(ပ) **ဂရန်အင်း** ဆိုသည်မှာ ကော်မတီက နယ်နိမိတ် ငါးအမျိုးအစား၊ ငါးဖမ်းကိရိယာ၊ အချိန်ကာလနှင့် ငါးဖမ်းနည်း သတ်မှတ်ချက်များထားရှိ၍ အငှားဂရန်ဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသော ရေပြင်ကို ဆိုသည်၊



(ဖ) **သီးသန့်အင်း** ဆိုသည်မှာ [illegible]
မရှိစေရန်နှင့် ငါးမျိုးပွားမျ[illegible]
လုပ်ကိုင်ခြင်းကို အခါအားလေ[illegible]
ရေပြင် သို့မဟုတ် သတ်မှတ်[illegible]
ခွင့်ပြုသည့် ရေပြင်ကို ဆိုသ[illegible]

(ဗ) **ဘေးမဲ့အင်း** ဆိုသည်မှာ [illegible]
ငါးမျိုးပြုန်းတီးခြင်း မရှိစေရန်[illegible]
အလို့ငှာ ငါးလုပ်ငန်းလုပ်ကိုင်ခြ[illegible]
ရေပြင်ကို ဆိုသည်။

(ဘ) **လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်**[illegible]
ဆိုသည်မှာ [illegible]

(ဖ) **သီးသန့်အင်း** ဆိုသည်မှာ ကော်မတီက ငါးမျိုးပြုန်းတီးခြင်း မရှိစေရန်နှင့် ငါးမျိုးပွားများစေရန်အလို့ငှာ ငါးလုပ်ငန်း လုပ်ကိုင်ခြင်းကို အခါအားလျော်စွာ ပိတ်ပင်တားမြစ်ထားသည့် ရေပြင် သို့မဟုတ် သတ်မှတ်ချက်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင် ခွင့်ပြုသည့် ရေပြင်ကို ဆိုသည်၊

(ဗ) **ဘေးမဲ့အင်း** ဆိုသည်မှာ သုတေသနလုပ်ငန်းမှအပ ငါးမျိုးပြုန်းတီးခြင်း မရှိစေရန်နှင့်ငါးမျိုးများပွားများလာစေရန် အလို့ငှာ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းကို ပိတ်ပင်တားမြစ်ထားသည့် ရေပြင်ကို ဆိုသည်။

(ဘ) **လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသောငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ ဂရန်အင်း၊ သီးသန့်အင်း ဟု သတ်မှတ်ထားသော နေရာမှအပ ရေချိုငါးလုပ်ငန်းရေပြင်တွင် လိုင်စင်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုထားသော ရေပြင်ကို ဆိုသည်၊

(မ) **ရေထွက်ပစ္စည်း** ဆိုသည်မှာ ကမ်းနီးငါးလုပ်ငန်းရေပြင် သို့မဟုတ် ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုမှ ရရှိသော ရေနေသတ္တဝါများ၊ ယင်းတို့၏ စွန့်ပစ်ပစ္စည်းများ၊ အခွံများ၊ အရိုးများ၊ အရေခွံများ၊ ပြုပြင်မွမ်းမံထားသည့် ငါးနှင့် ရေသတ္တဝါများ၊ ရေတွင်ပေါက်သောအပင်များ၊ သက်ရှိသက်မဲ့ ပစ္စည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ပင်လယ်လိပ်နှင့် ဥများ၊ မိကျောင်းနှင့် ဥများ၊ ကဏန်း၊ ငါးကြီးအန်ဖတ်၊ ကမာခွံ၊ ပင်လယ်ခရုခွံ၊ ယောက်သွားသန္တာကျောက်ခက်၊ ပင်လယ်ရေမြှုပ်၊ ကျောက်ပွင့်၊ ရေညှိ၊ ရေမှော်များလည်း ပါဝင်သည်၊

(ယ) **အငှားဂရန်** ဆိုသည်မှာ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်း လုပ်ကိုင်ရန် ကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဦးစီးဌာနက ထုတ်ပေးသည့် ဂရန်ကို ဆိုသည်၊

(ရ) **လိုင်စင်** ဆိုသည်မှာ ဂရန်အင်းမှအပ ငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းများလုပ်ကိုင်ရန် ကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဦးစီးဌာနက ထုတ်ပေးသည့်လိုင်စင်ကို ဆိုသည်။ ယင်းစကားရပ်တွင် တင်ဒါလိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင်၊ ကမ်းနီးငါးဖမ်းလိုင်စင်၊ အအေးခန်းစက်ရုံတည်ထောင်လုပ်ကိုင်ခွင့်လိုင်စင်နှင့် ငါးလုပ်ငန်းနှင့်သက်ဆိုင်သည့် လိုင်စင်တစ်မျိုးမျိုးလည်း ပါဝင်သည်၊

(လ) **ပြန်အမ်းငွေ** ဆိုသည်မှာ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ပါ စည်းကမ်းချက်ကို ဖောက်ဖျက်ခြင်းကြောင့် မဟုတ်ဘဲ နိုင်ငံတော်၏အကျိုးငှာ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင်ဖြစ်စေ၊ သဘာဝဘေး အန္တရာယ်ကြောင့် သို့မဟုတ် အခြားခိုင်လုံသောအကြောင်း တစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှုထိခိုက်နစ်နာမှုရှိလျှင် ဖြစ်စေ၊ အငှားဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင် ချထားခြင်း ခံရသူက ပေးသွင်းထားသည့် အခွန်အခအနက် လုပ်ကိုင်ရန်ကျန်ရှိသော ငါးလုပ်ငန်းရာသီအတွက် ပြန်လည် ရထိုက်သော အခွန်အခကို ဆိုသည်၊

(ဝ) **ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ** ဆိုသည်မှာ ပုဒ်မ ၂၊ ပုဒ်မခွဲ (ည) တွင် ဖော်ပြထားသော ငါးလုပ်ငန်းလုပ်ကိုင်ရန် ကော်မတီ၏အတည်ပြုချက်ဖြင့် ဦးစီးဌာနမှ ထုတ်ပေးသည့် လုပ်ကိုင်ခွင့် ရရှိသူကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ငါးမျိုးပြုန်းတီးမှုကို ကာကွယ်နိုင်ရန်နှင့် ငါးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်၊

(ခ) ရေချိုငါးလုပ်ငန်းရပ်ပြင်များ ပျက်စီးခြင်းမှကာကွယ်နိုင်ရန်၊

(ဂ) ငါးလုပ်ငန်းကို နိုင်ငံတော်သို့ အခွန်အခပေးဆောင်ခြင်းဖြင့် လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုရန်၊

(ဃ) ငါးလုပ်ငန်းများကို ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းနှင့် အရေးယူ ဆောင်ရွက်ခြင်းပြုနိုင်ရန်။

## အခန်း (၃)
## ကော်မတီဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည် ပြည်နယ်ငါးလုပ်ငန်းကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) ငါးလုပ်ငန်းဆိုင်ရာတာဝန်ခံဝန်ကြီး ပြည်နယ်အစိုးရအဖွဲ့ — ဥက္ကဋ္ဌ

(ခ) ပြည်နယ်ဦးစီးဌာနမှူး ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန — အဖွဲ့ဝင်

(ဂ) ပြည်နယ်ဦးစီးဌာနမှူး ပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန — အဖွဲ့ဝင်

(ဃ) ညွှန်ကြားရေးမှူး ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(င) ပြည်နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ကိုယ်စားလှယ်၊ အဖွဲ့ဝင်

(စ) ခရိုင်ဦးစီးဌာနမှူး အဖွဲ့ဝင်
မော်လမြိုင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာန၊

(ဆ)ခရိုင်ဦးစီးဌာနမှူး အဖွဲ့ဝင်
သထုံခရိုင်ငါးလုပ်ငန်းဦးစီးဌာန၊

(ဇ) ပြည်နယ်ဦးစီးဌာနမှူး အတွင်းရေးမှူး
ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန။

၅။ အစိုးရအဖွဲ့သည် ပုဒ်မ ၄ အရ ဖွဲ့စည်းထားသော ကော်မတီကို ဝန်ကြီး၏ တင်ပြချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း(၄)
## ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၆။ ကော်မတီ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ငါးလုပ်ငန်းများကို စနစ်တကျဖွံ့ဖြိုးတိုးတက်စေရန် စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊

(ခ) ငါးဖမ်းကိရိယာအမျိုးအစားအလိုက် လိုင်စင်ခနှုန်းထားများ သတ်မှတ်ခြင်း၊

(ဂ) ငါးဖမ်းအင်းများ သတ်မှတ်ခြင်း၊ နေရာပြောင်းလဲ သတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း၊

(ဃ) ရေချိုငါးလုပ်ငန်းရေပြင် ငါးဖမ်းကွက်သတ်မှတ်ခြင်း၊ နေရာပြောင်းလဲ သတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း၊

(င) ကမ်းနီးငါးလုပ်ငန်းရေပြင် ငါးဖမ်းကွက်သတ်မှတ်ခြင်း၊ နေရာပြောင်းလဲသတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း၊

(စ) တားမြစ်သည့် ငါးအမျိုးအစား၊ အရွယ်အစား သတ်မှတ်ခြင်း၊

(ဆ) ငါးလုပ်ငန်းရေပြင် ငါးဖမ်းကွက်အလိုက် ငါးဖမ်းကိရိယာ အရွယ်အစား သတ်မှတ်ခြင်း၊
(ဇ) ငါးဖမ်းရာသီ၊ နေရာဒေသ၊ ငါးဖမ်းနည်းများ သတ်မှတ်ခြင်း၊
(ဈ) ဘေးမဲ့အင်းများ၊ သီးသန့်အင်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊
(ည) လိုင်စင်ခ၊ ငါးစိုခွန်၊ လှေခွန်၊ မှတ်ပုံတင်ကြေးနှင့် အခြား ပေးဆောင်ရန်ရှိသော အခွန်အခများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊
(ဋ) လိုင်စင်သက်တမ်း၊ အငှားဂရန်သက်တမ်းနှင့်လိုက်နာရမည့် စည်းကမ်းများ သတ်မှတ်ခြင်း၊
(ဌ) အအေးခန်းစက်ရုံများ၊ ရေထွက်ပစ္စည်းများနှင့် ငါးဒိုင်များကို စစ်ဆေးကြပ်မတ်ခြင်း၊
(ဍ) ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက် နိုင်ရန်ငါးလုပ်ငန်းဦးစီးဌာနမှူးများအား တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးခြင်း၊
(ပ) ရေမှော် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းနိုင်ရန် ဆောင်ရွက်ခြင်း၊
(ဏ) ပင်လယ်ကမ်းစပ် ဒီရေပင်များအောက်ရှိ ရေသတ္တဝါအားလုံး၏ မျိုးဥများ၊ မျိုးစေ့များ၊ သားလောင်းများ၊ သားပေါက်ကောင်များ၊ ရှင်သန်အောင်မြင်နိုင်ရန် ကာကွယ်စောင့်ရှောက်ခြင်း၊
(တ) အစိုးရအဖွဲ့မှ အခါအားလျော်စွာ ပေးအပ်သောငါးလုပ်ငန်း ဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ခြင်း။

၇။ ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -
(က) အငှားဂရန် သို့မဟုတ် လိုင်စင်ဖြင့် ငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုခြင်း၊
(ခ) ငါးမွေးမြူရေးလုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း၊

(ဂ) မည်သည့် အငှားဂရန် သို့မဟုတ် လိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ဃ) ဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်းသတ်မှတ်ခြင်း၊ ပြောင်းလဲသတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း၊

(င) လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ရေချိုငါးလုပ်ငန်းရေပြင်၊ ကမ်းနီးငါးလုပ်ငန်းရေပြင်၊ ငါးဖမ်းကွက် အမျိုးအစား သတ်မှတ်ခြင်း၊ ပြောင်းလဲသတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း၊

(စ) အငှားဂရန် သို့မဟုတ် လိုင်စင် ပျက်စီး၊ ပျောက်ဆုံးသွားသဖြင့် မိတ္တူရယူလိုကြောင်းလျှောက်ထားသည့်ကိစ္စနှင့် စပ်လျဉ်း၍ သတ်မှတ်သည့်အခကြေးငွေ ပေးသွင်းစေခြင်း၊ အငှားဂရန် သို့မဟုတ် လိုင်စင်မိတ္တူ ထုတ်ပေးစေခြင်း၊

(ဆ) ပုဒ်မ ၂၈ အရ ပြန်အမ်းငွေပမာဏကို သတ်မှတ်ပေးခြင်း၊

(ဇ) ရေမှော် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းနိုင်ရေးအတွက် ရေမှော်ဇီဝမျိုးစုံမျိုးကွဲများ ရှာဖွေရယူသည့် အချိန်၊ ကာလ၊ ဒေသများကို ညှိနှိုင်းသတ်မှတ်ပေးခြင်း။

## အခန်း (၅)
## အငှားဂရန်၊ လိုင်စင် ထုတ်ပေးခြင်း

၈။ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် ကော်မတီက သတ်မှတ်သည့်နည်းလမ်းများနှင့် အညီ ဈေးပြိုင်စနစ်ဖြင့် လေလံဆွဲဝယ်ရမည်။

၉။ ဂရန်အင်းမှအပ ရေချိုငါးလုပ်ငန်း၊ ကမ်းနီးငါးလုပ်ငန်း ငါးဖမ်းကွက် တစ်ခုခုတွင် ငါးလုပ်ငန်း လုပ်ကိုင်လိုသူသည် ကော်မတီက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင်ခ ပေးဆောင်ခြင်းဖြင့်ဖြစ်စေ၊ တင်ဒါ လိုင်စင်ချထားခြင်းဖြစ်ပါက အိတ်ဖွင့်တင်ဒါဈေးနှုန်း တင်သွင်း၍ လိုင်စင်ရယူခြင်းဖြင့်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ရမည်။

၁၀။ ရေထွက်ပစ္စည်းပြုပြင်မွမ်းမံခြင်း၊ ရောင်းဝယ်ခြင်း၊ စုဆောင်းခြင်း၊ သယ်ယူခြင်း၊ မွေးမြူခြင်း လုပ်ငန်းများကို လုပ်ကိုင်လိုသူသည် ကော်မတီက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လိုင်စင်ရယူ၍ လုပ်ကိုင် ဆောင်ရွက်ရမည်။

၁၁။ ကော်မတီသည် သတ်မှတ်သည့် နည်းလမ်းများနှင့်ကိုက်ညီပါက ရေထွက်ပစ္စည်း ပြုပြင်မွမ်းမံခွင့်၊ ရောင်းဝယ်ခွင့်၊ စုဆောင်းခွင့်၊ သယ်ယူခွင့်၊ မွေးမြူခွင့်လိုင်စင်ထုတ်ပေးနိုင်သည်။

၁၂။ ပုဒ်မ ၁၁ အရ လိုင်စင်ထုတ်ပေးရာတွင် ကော်မတီသည် ပြည်နယ်ဦးစီးဌာနမှူး၊ ခရိုင်ဦးစီးဌာနမှူး၊ မြို့နယ်ဦးစီးဌာနမှူးများအား လုပ်ပိုင်ခွင့်များ လွှဲအပ်နိုင်သည်။

၁၃။ ပုဒ်မ ၇ ပုဒ်မခွဲ (က) အရ သတ်မှတ်ငါးဖမ်းကွက်များတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် အငှားဂရန်၊ လိုင်စင်ထုတ်ပေးခြင်းကို ပြည်နယ်ဦးစီးဌာနမှူး၊ ခရိုင်ဦးစီးဌာနမှူး၊ မြို့နယ် ဦးစီးဌာနမှူးများအား လွှဲအပ်နိုင်သည်။

၁၄။ ငါးဖမ်းကွက်အသစ်၊ စမ်းသပ်ငါးဖမ်းကွက်များ ဖော်ထုတ်ရန် လိုအပ်ပါက မြို့နယ်ဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးမှတစ်ဆင့် ကော်မတီ အတွင်းရေးမှူးထံ တင်ပြရမည်။

၁၅။ ကော်မတီသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် အငှားဂရန် နှစ်ရှည်သက်တမ်းတိုး လျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုနိုင်သည်။

၁၆။ ကော်မတီသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ဂရန်၊ လိုင်စင် နှစ်စဉ် သက်တမ်းတိုးပေးခြင်းကို ဆောင်ရွက်နိုင်သည်။

၁၇။ ကော်မတီသည် ပြည်နယ်ငါးလုပ်ငန်းရေပြင်တွင် ပြည်ပရင်းနှီး မြှုပ်နှံမှုဖြင့် လုပ်ကိုင်ခြင်းကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်ရေး အတွက် အစိုးရအဖွဲ့သို့ တင်ပြရမည်။

၁၈။ မြို့နယ်ဦးစီးဌာနမှူးသည် အင်္ဂါးဂရန်နှင့် တင်ဒါလိုင်စင်ချထားသည့် ကိစ္စမှအပ ငါးလုပ်ငန်းရေပြင် တစ်ခုခုတွင် ငါးဖမ်းကိရိယာအမျိုးအစား တစ်ခုခုဖြင့် ငါးဖမ်းခွင့် ခွင့်ပြုခြင်းကို ခရိုင်ဦးစီးဌာနမှူးမှတစ်ဆင့် ပြည်နယ် ဦးစီးဌာနမှူးထံ တင်ပြရမည်။

၁၉။ မြို့နယ်ဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက မိမိလုပ်ငန်းတွင် အသုံးပြုမည့် လုပ်သားများနှင့်စပ်လျဉ်း၍ မှတ်ပုံတင် လျှောက်ထားလာလျှင် စိစစ်ပြီး ထုတ်ပေးနိုင်သည်။

၂၀။ ဂရန်အင်း လေလံဆွဲဝယ်ယူရရှိသူသည် ဆွဲဝယ်သည့်လေလံကြေး ဖြစ်သော အင်းခွန်ကိုလည်းကောင်း၊ တင်ဒါလိုင်စင်ချထားခြင်းခံရသူသည် တင်ဒါကြေးနှင့် လိုင်စင်ခတို့ကိုလည်းကောင်း သတ်မှတ်ရက်အတွင်း အပြေအကျေ ပေးဆောင်ရမည်။

၂၁။ ဂရန်အင်းမှအပ အခြားငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာ လိုင်စင်ရရှိသူသည် ပေးဆောင်ရန်ရှိသော လိုင်စင်ခကို လက်ငင်းငွေချေစနစ်ဖြင့် အပြေအကျေပေးဆောင်ရမည်။

၂၂။ နှစ်ရှည်အင်္ဂါးဂရန်ရရှိသူသည် ကော်မတီမှ သတ်မှတ်သည့် နည်းလမ်းအတိုင်း အင်းခွန်နှင့် ကျသင့်ငွေများကို ပေးဆောင်ရမည်။

၂၃။ ကမ်းနီးငါးလုပ်ငန်းလိုင်စင်ရရှိသူသည် ပေးဆောင်ရန်ရှိသော လိုင်စင်ခ၊ ငါးစိုခွန်၊ လှေခွန်၊ ရေလုပ်သား မှတ်ပုံတင်ကြေးများကို ကော်မတီမှ သတ်မှတ်သည့်နည်းလမ်းအတိုင်း ပေးဆောင်ရမည်။

၂၄။ ကော်မတီသည် အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ငါးလုပ်ငန်း သုတေသနပြုခြင်းအတွက် အခွန်အခ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၂၅။ အောက်ပါအချက်တစ်ရပ်ရပ်ပေါ်ပေါက်လျှင် အင်္ဂါးဂရန် သို့မဟုတ် လိုင်စင်ရရှိသူသည် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးမှတစ်ဆင့် ပြန်အမ်းငွေကို လျှောက်ထားနိုင်သည် -

(က) ပြည်နယ်၏လိုအပ်ချက်အရ အငှားဂရန် သို့မဟုတ် လိုင်စင် ဆိုင်းငံ့ခံရခြင်း သို့မဟုတ် ရုပ်သိမ်းခံရခြင်း၊

(ခ) သဘာဝဘေးအန္တရာယ် သို့မဟုတ် အခြားခိုင်လုံသော အကြောင်းတစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှု ထိခိုက်နစ်နာခြင်း။

၂၆။ ပုဒ်မ ၂၅ အရ လျှောက်ထားလာလျှင် မြို့နယ်ဦးစီးဌာနမှူးသည် လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်၍ ခရိုင်ဦးစီးဌာနမှူးမှတစ်ဆင့် ပြည်နယ်ဦးစီးဌာနမှူးထံ တင်ပြရမည်။

၂၇။ ပြည်နယ်ဦးစီးဌာနမှူးသည် ပုဒ်မ ၂၆ အရ တင်ပြလာခြင်းကို စစ်ဆေးပြီး ရသင့်သောပြန်အမ်းငွေ ပမာဏကို ကော်မတီထံ တင်ပြရမည်။

၂၈။ ကော်မတီသည် ပြန်အမ်းငွေထုတ်ပေးရန် အစိုးရအဖွဲ့၏ အတည်ပြုချက် ရယူရမည်။

၂၉။ ဦးစီးဌာနမှူးသည် ပုဒ်မ ၂၈ အရ အတည်ပြုသည့် ပြန်အမ်းငွေကို လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားသူထံ ပြန်လည်ထုတ်ပေးရမည်။

## အခန်း (၆)
## ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၃၀။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည်-

(က) ပေးဆောင်ရန်ရှိသော အခွန်အခများကို ကော်မတီက သတ်မှတ်သည့်နည်းလမ်းအတိုင်း ပေးဆောင်ရမည်၊

(ခ) အငှားဂရန် သို့မဟုတ် လိုင်စင်ပါစည်းကမ်းချက်များနှင့် အခါအားလျော်စွာထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်၊

(ဂ) ငါးလုပ်ငန်းဆိုင်ရာသုတေသနလုပ်ငန်းများကို ကူညီဆောင်ရွက် ပေးရမည်၊

(ဃ) မိမိလုပ်ငန်းတွင် လုပ်ကိုင်သည့် ရေလုပ်သားများကို မြို့နယ်ဦးစီးဌာနမှူးရုံးတွင် မှတ်ပုံတင်ထားရှိရမည်။

၃၁။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် အငှားဂရန် သို့မဟုတ် လိုင်စင်ပါ စည်းကမ်းချက်များနှင့်အညီ ငါးလုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိသည်။

## အခန်း(၇)
## စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် အဖွဲ့၏တာဝန်များ

၃၂။ ကော်မတီသည် အောက်ပါပုဂ္ဂိုလ်များပါဝင်သော စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည် -

| | |
|---|---|
| (က) ဦးစီးဌာနမှူး မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန၊ | အဖွဲ့ခေါင်းဆောင် |
| (ခ) ဦးစီးဌာနမှူး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ | အဖွဲ့ဝင် |
| (ဂ) ဦးစီးဌာနမှူး မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ | အဖွဲ့ဝင် |
| (ဃ) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာရှိကိုယ်စားလှယ်တစ်ဦး၊ | အဖွဲ့ဝင် |
| (င) မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ အရာရှိကိုယ်စားလှယ်တစ်ဦး၊ | အဖွဲ့ဝင် |
| (စ) ပြည်နယ်ငါးလုပ်ငန်းအဖွဲ့ချုပ် သို့မဟုတ် မြို့နယ်ငါးလုပ်ငန်းအသင်းမှ ကိုယ်စားလှယ်တစ်ဦး၊ | အဖွဲ့ဝင် |

၃၃။ စစ်ဆေးရေးအဖွဲ့၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မိမိမြို့နယ်အတွင်းရှိ ကမ်းနီးငါးလုပ်ငန်းရေပြင် သို့မဟုတ် ရေချိုငါးလုပ်ငန်းရေပြင်တွင် ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများနှင့် ဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်း၊ လိုင်စင်၊ တင်ဒါလုပ်ကွက်အပါအဝင် မည်သည့်ငါးလုပ်ငန်းကို မဆို ဝရမ်းမပါဘဲ ရပ်တန့်ခြင်း၊ တက်ရောက်ခြင်း၊ ဝင်ရောက်ခြင်း၊ စစ်ဆေးခြင်း၊ ရှာဖွေခြင်း၊

(ခ) ငါးလုပ်ငန်းတွင်ထားရှိရန် သတ်မှတ်ထားသည့်စာရွက်စာတမ်းများကို တောင်းယူစစ်ဆေးခြင်း၊ ကူးယူခြင်း၊

(ဂ) ရေထွက်ပစ္စည်းဆိုင်ရာ စားသောက်ကုန်ပစ္စည်းများအား သတ်မှတ်ထားသော ထုတ်လုပ်မှုစည်းကမ်းများနှင့် အညီ လိုက်နာဆောင်ရွက်ထုတ်လုပ်ခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊

(ဃ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူနှင့် ရေလုပ်သားများအား လိုအပ်သလိုမေးမြန်းခြင်း၊ စစ်ဆေးခြင်း၊

(င) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်သော ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့်တကွ တွေ့ရှိသော သက်သေခံပစ္စည်းများကို သိမ်းဆည်းခြင်း၊ ကျူးလွန်သူအား ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်း၊

(စ) လျှင်မြန်စွာပုပ်သိုး၊ ပျက်စီးနိုင်သည့် ပစ္စည်းများ ဖမ်းဆီးရရှိပါက အမြန်ဆုံးထုခွဲရောင်းချပြီး ရောင်းချရငွေကို ဘဏ်ရှိ ဦးစီးဌာနမှ သတ်မှတ်အပ်ငွေစာရင်းသို့ ပေးသွင်းခြင်း၊

(ဆ) စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို ခရိုင်ဦးစီးဌာနမှူး၊ ပြည်နယ်ဦးစီးဌာနမှူးမှတစ်ဆင့် ကော်မတီသို့ အဆင့်ဆင့် တင်ပြအစီရင်ခံခြင်း။

## အခန်း(၈)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၃၄။ ကော်မတီသည် စစ်ဆေးရေးအဖွဲ့၏တင်ပြချက်အရ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အားဖောက်ဖျက်ကြောင်း တွေ့ရှိပါက အောက်ပါ စီမံခန့်ခွဲရေးပြစ်ဒဏ် ချမှတ်နိုင်သည် -

(က) အငှားဂရန် သို့မဟုတ် လိုင်စင်ကိုဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ခ) ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့် အခြားသက်သေခံပစ္စည်းများကို ထိန်းသိမ်းခြင်း၊ ထုခွဲရောင်းချခြင်း၊ စီမံခန့်ခွဲခြင်း၊

(ဂ) ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများကို ငါးလုပ်ငန်း လုပ်ကိုင်ခွင့် ရရှိသူအားဖြစ်စေ၊ ပိုင်ရှင်အားဖြစ်စေ၊ လုံလောက်သောခံဝန်ဖြင့် ပြန်လည်ပေးအပ်ခြင်း သို့မဟုတ် ပြန်လည် လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဃ) ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများကို ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူ သို့မဟုတ် ပိုင်ရှင်အား ဒဏ်ကြေးငွေပေး ဆောင်စေ၍ ပြန်လည်ရွေးယူခွင့်ပြုခြင်း။

၃၅။ ကော်မတီသည် ပုဒ်မ ၃၄၊ ပုဒ်မခွဲ(ခ)၊ (ဃ)အရ ရငွေများကို ဦးစီးဌာနဘဏ်အပ်ငွေအဖြစ် ပေးသွင်းရမည်။

၃၆။ (က) စစ်ဆေးရေးအဖွဲ့သည် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင် ရရှိသူက ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ အခြားသူတစ်ဦးသို့ လွှဲပြောင်းလုပ်ကိုင်ကြောင်း စစ်ဆေးတွေ့ရှိလျှင် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ရုပ်သိမ်းရန် ခရိုင်ဦးစီးဌာနမှူး၊ ပြည်နယ်ဦးစီးဌာနမှူးမှတစ်ဆင့် ကော်မတီထံ အဆင့်ဆင့် တင်ပြရမည်၊

(ခ) ကော်မတီသည် ပုဒ်မခွဲ(က) အရ တင်ပြလာခြင်းကို မှန်ကန်ကြောင်း စစ်ဆေးတွေ့ရှိပါက ယင်းအငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ပြန်လည် ရုပ်သိမ်းရမည်။

## အခန်း(၉)
## အယူခံခြင်း

၃၇။ (က) ပုဒ်မ ၁၂၊ ၁၃ ၊ ၁၈ အရ ခွင့်ပြုသည့် လိုင်စင်နှင့်စပ်လျဉ်း၍ မြို့နယ်ဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ခရိုင်ဦးစီးဌာနမှူးထံ အယူခံဝင်နိုင် သည်၊

(ခ) ခရိုင်ဦးစီးဌာနမှူးသည် ပုဒ်မခွဲ(က)အရ အယူခံခြင်းနှင့် စပ်လျဉ်း၍ မြို့နယ်ဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မ ၁၂၊ ၁၃ ၊ ၃၇ ပုဒ်မခွဲ(ခ) အရ ခရိုင်ဦးစီးဌာနမှူးက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ပြည်နယ်ဦးစီးဌာနမှူးထံ အယူခံဝင် နိုင်သည်။

(ဃ) ပြည်နယ်ဦးစီးဌာနမှူးသည် ပုဒ်မခွဲ(ဂ)အရ အယူခံခြင်းနှင့် စပ်လျဉ်း၍ ခရိုင်ဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

(င) ပုဒ်မ ၁၂၊ ၁၃၊ ၃၇ ပုဒ်မခွဲ(ဃ) အရ ပြည်နယ်ဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ကော်မတီထံ အယူခံဝင်နိုင်သည်။

(စ) ကော်မတီသည် ပုဒ်မခွဲ(င) အရ အယူခံခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်ဦးစီးဌာနမှူးကချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

၃၈။ ပုဒ်မ ၃၄၊ ၃၆ ပုဒ်မခွဲ (ခ)၊ ၃၇ ပုဒ်မခွဲ (စ) တို့အရ ကော်မတီက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း အစိုးရအဖွဲ့ထံ အယူခံဝင်နိုင်သည်။

၃၉။ အစိုးရအဖွဲ့သည် ပုဒ်မ ၃၈ အရ အယူခံခြင်းနှင့်စပ်လျဉ်း၍ ကော်မတီက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၀)
## ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ပျက်ပြယ်ခြင်း

၄၀။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ပျက်ပြယ်သည် -

(က) အငှားဂရန်၊ လိုင်စင် ခွင့်ပြုသက်တမ်းကာလ ကုန်ဆုံးခြင်း၊

(ခ) ဤဥပဒေအရ ထုတ်ပေးထားသော အငှားဂရန်၊ လိုင်စင် ရုပ်သိမ်းခံရခြင်း သို့မဟုတ် ပယ်ဖျက်ခံရခြင်း၊

(ဂ) ငါးလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခွင့်ပြုရန်မသင့်ကြောင်း စစ်ဆေးတွေ့ရှိခြင်း၊

(ဃ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက မိမိလုပ်ငန်းကို ဆက်လက် မလုပ်ကိုင်လို၍ အငှားဂရန်၊ လိုင်စင်ကို ပြန်လည်အပ်နှံခြင်း။

## အခန်း (၁၁)
## တားမြစ်ချက်များ

၄၁။ မည်သူမျှ -

(က) ငါးဖမ်းကိရိယာလိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်ခြင်း မပြုရ၊

(ခ) အငှားဂရန် သို့မဟုတ် လိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်ခြင်း မပြုရ။

၄၂။ မည်သူမျှ ငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် အောက်ပါတို့ကို မပြုလုပ်ရ -

(က) ပေါက်ကွဲစေတတ်သည့်ပစ္စည်း၊ အဆိပ်အတောက်၊ ဓာတုပစ္စည်းနှင့် ယင်းကဲ့သို့အန္တရာယ်ဖြစ်စေသောပစ္စည်းဖြင့် ငါးဖမ်းခြင်း သို့မဟုတ် အကျိုးဖျက်ဆီးခြင်း၊

(ခ) တားမြစ်ထားသော ငါးဖမ်းနည်း၊ ငါးဖမ်းကိရိယာဖြင့် ငါးဖမ်းခြင်း၊

(ဂ) တားမြစ်ထားသော ငါးမျိုး၊ ငါးအရွယ်အစားများကို ဖမ်းဆီးခြင်း၊

(ဃ) တားမြစ်ထားသော အချိန်ကာလနှင့် နေရာဒေသတွင် ငါးဖမ်းခြင်း၊

(င) ရေမှော်၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းနိုင်ရေးအတွက် တားမြစ်ထားသော နေရာ၊ ဒေသအတွင်း ရှာဖွေရယူခြင်း၊ ပျက်စီးစေခြင်း၊

(စ) လူနေအိမ်များဆောက်လုပ်နေထိုင်ခြင်း။

၄၃။ မည်သူမျှ ငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ခွင့်ပြုချက်မရှိဘဲ ဆည်၊ တမံ၊ ယင်း စသည့် အပိတ်အဆို့၊ အတားအဆီးတစ်စုံတစ်ရာကို စိုက်ထူခြင်း၊ တည်ဆောက်ခြင်း၊ ချထားခြင်း၊ ပြုပြင်ခြင်း၊ သုံးစွဲခြင်း မပြုလုပ်ရ။

၄၄။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ မည်သူမျှ အငှားဂရန် သို့မဟုတ် လိုင်စင်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုလုပ်ရ။

၄၅။ မည်သူမျှ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်၊ ကန့်သတ်ချက် သို့မဟုတ် တားမြစ်ချက်တို့ကို လိုက်နာရန်ပျက်ကွက်ခြင်း မရှိစေရ။

၄၆။ မည်သူမျှ ငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါး၊ အခြားရေနေသတ္တဝါနှင့် သက်ရှိ၊ သက်မဲ့ သယံဇာတပစ္စည်းများအား နှောင့်ယှက်ခြင်း၊ ပျက်စီးစေခြင်း သို့မဟုတ် ရေထုညစ်ညမ်းစေခြင်း မပြုလုပ်ရ။

၄၇။ မည်သူမျှ အင်း သို့မဟုတ် အင်းနယ်နိမိတ်အတွင်း အောက်ပါတို့ကို မပြုလုပ်ရ -

(က) ငါးနေ ငါးထိုင်တောများပျက်စီးစေရန် ခုတ်ထွင်ခြင်း၊ မီးရှို့ခြင်း၊

(ခ) အင်း၏ ရေစီးရေလာပျက်ပြားစေရန်၊ သဘာဝအခြေအနေ ထိခိုက်စေရန် ပြုလုပ်ခြင်း၊

(ဂ) သီးနှံစိုက်ပျိုးခြင်း။

၄၈။ မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရရှိဘဲ ဂရန်အင်း၊ သီးသန့်အင်းနှင့် ယင်းတို့နှင့် ဆက်စပ်နေသည့် ချောင်း၊ မြောင်းများတွင်ဖြစ်စေ၊ ရေစီး လမ်းကြောင်းများတွင်ဖြစ်စေ၊ ရေအမျိုးအစား၊ ရေထုထည် ရေစီးလမ်းကြောင်းကို ပြောင်းလဲခြင်း မပြုရ။

၄၉။ မည်သူမျှ စစ်ဆေးရေးအဖွဲ့က ငါးလုပ်ငန်းတစ်ခုခုအား စစ်ဆေးနေစဉ် ငါး၊ ငါးဖမ်းကိရိယာများကို ကွယ်ဝှက်ခြင်း သို့မဟုတ် စစ်ဆေးရေးအဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ စွန့်ပစ်ခြင်း မပြုရ။

၅၀။ မည်သူမျှ အောက်ပါရေထွက်ပစ္စည်းဆိုင်ရာ စားသောက်ကုန်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ ပြည်ပသို့တင်ပို့ခြင်း မပြုရ -

(က) စားသုံးသူကို အဆိပ်သင့်စေနိုင်သည့် သို့မဟုတ် ဘေးဥပါဒ်အန္တရာယ် ဖြစ်စေနိုင်သည့် သို့မဟုတ် ကျန်းမာရေးကို ထိခိုက်စေနိုင်သည့်ရေထွက်ပစ္စည်းဆိုင်ရာ စားသောက်ကုန်ပစ္စည်း၊

(ခ) ရေထွက်ပစ္စည်း၏ သဘာဝဒြပ်ဝတ္ထု သို့မဟုတ် အရည်အသွေးတစ်ခုလုံးကိုဖြစ်စေ၊တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ထိခိုက်စေသည့် သို့မဟုတ် ဘေးဥပါဒ်အန္တရာယ် ဖြစ်စေနိုင်သည့် သို့မဟုတ် လူတို့စားသုံးရန်မသင့်သည့် ဆိုးဆေး၊ ယမ်းစိမ်း၊ အခြားပစ္စည်းတို့နှင့် ပြုပြင်ရောစပ်ထားသော သို့မဟုတ် ရေထိုးထားသော ရေထွက်ပစ္စည်း ဆိုင်ရာ စားသောက်ကုန်ပစ္စည်း။

၅၁။ ဤဥပဒေအရ အပ်နှင်းထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို ကျင့်သုံးသူ မည်သူမဆို အောက်ပါတစ်ခုခုကို မပြုလုပ်ရ -

(က) ပြစ်မှုကျူးလွန်သူကို အခြားလူတစ်ဦးဦးဖြင့် အစားထိုးခြင်း၊ ပြစ်မှုကျူးလွန်သူအား အရေးမယူဘဲ ထိန်ချန်ခြင်း၊

(ခ) ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းကိုဖျောက်ဖျက်ခြင်း၊ မသမာသောနည်းဖြင့် ပြောင်းလဲခြင်း၊ အစားထိုးခြင်း၊ အလွဲသုံးစားပြုခြင်း။

## အခန်း (၁၂)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၅၂။ မည်သူမဆို ပုဒ်မ ၄၁ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင် ခြင်းခံရလျှင် ထိုသူအား -

(က) ငါးဖမ်းကိရိယာလိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်ပါက ထောင်ဒဏ်(၆)လ အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၅၀၀၀၀ (ကျပ်ငါးသောင်း) အထိဖြစ်စေ ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်၊

(ခ) အငှားဂရန် သို့မဟုတ် လိုင်စင်မရှိဘဲ ငါးလုပ်ငန်း လုပ်ကိုင်ပါက ထောင်ဒဏ်(၂)နှစ် အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၂၀၀၀၀၀ (ကျပ်နှစ်သိန်း) အထိဖြစ်စေ ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၃။ မည်သူမဆို ပုဒ်မ ၄၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင် ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်(၃)နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၃၀၀၀၀၀ (ကျပ်သုံးသိန်း) အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၄။ မည်သူမဆို ပုဒ်မ ၄၃၊ ၄၄၊ ၄၅၊ ၄၆၊ ၄၇ နှင့် ၄၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်(၆)လအထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀၀ (ကျပ်တစ်သိန်း) အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၅။ မည်သူမဆို ပုဒ်မ ၄၉ နှင့် ၅၀ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်(၁)နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၂၀၀၀၀၀ (ကျပ်နှစ်သိန်း) အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၆။ မည်သူမဆို ပုဒ်မ ၅၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင် ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်(၁)နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၃၀၀၀၀၀ (ကျပ်သုံးသိန်း) အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၃)
## အထွေထွေ

ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်းသည့်
သေခံပစ္စည်းများကို တရားရုံးသို့တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့စီမံခန့်ခွဲ
ကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာစာရွက်စာတမ်း၊
တက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့သို့
သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက
နှင့်အညီ အမိန့်ချမှတ်နိုင်သည်။

ဤဥပဒေအရ အပ်နှင်းထားသော တာဝန်နှင့်လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို
ာရိုးဖြင့် ဆောင်ရွက်သူတစ်ဦးဦးကို တရားမကြောင်းဖြင့်သော်
ကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်း မပြုရ။

ပုဒ်မ ၅၆ အရ တရားစွဲဆိုရန်အတွက် အစိုးရအဖွဲ့၏
င်ခွင့်ပြုမိန့် ရယူရမည်။

ဤဥပဒေအရ အရေးယူသောပြစ်မှုအား ရဲအရေးယူပိုင်ခွင့်ရှိသော
များအဖြစ် သတ်မှတ်သည်။

ဤဥပဒေအရ ရရန်ရှိသော အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခနှင့်
ကြေးငွေများကို သက်ဆိုင်ရာ ဦးစီးဌာနမှူးသည် မြေခွန်မပြေကျန်ငွေ
သကဲ့သို့ အရကောက်ခံရမည်။

ဦးစီးဌာနသည် ဂရန်အင်း၊ သီးသန့်အင်းနှင့် ဘေးမဲ့အင်းနယ်နိမိတ်ပြ
များကို သက်ဆိုင်ရာ ဌာနများနှင့်ညှိနှိုင်းပြုစုထားရှိရမည်။

ဤဥပဒေပါပြဋ္ဌာန်းချက်များ အကောင်အထည်ဖော်ရာတွင် -

(က) အစိုးရအဖွဲ့သည် လိုအပ်သောနည်းဥပဒေများနှင့်
လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) အုန်းမြင့်
ပြည်နယ်ဝန်ကြီးချုပ်
မွန်ပြည်နယ်အစိုးရအဖွဲ့